မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 20 , 2024 Volume 76, Number 14

၂၀.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၀.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၅၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၁၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကျိုက်မရောမြို့နယ်ရှိ ဘိန်းဖျောကျေးရွာ အုတ်ဖိုလုပ်ငန်းမှ ထွက်ရှိသောအုတ်များ အရည်အသွေးကောင်း၍ ဝယ်လိုအားကောင်းနေ



မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဘိန်းဖျောကျေးရွာ အုတ်ဖိုလုပ်ငန်းမှ ထွက်ရှိသည့် သဘာဝမှရရှိသော ကုန်ကြမ်းများကို အသုံးပြု၍ပြုလုပ်သည့် လက်ရိုက်အုတ်များ အရည်အသွေးကောင်း၍ ဝယ်လိုအားကောင်းကာ ဈေးကောင်းရရှိနေကြောင်းသိရသည်။ အဆိုပါအုတ်ဖိုလုပ်ငန်းကို နိုဝင်ဘာလမှ ဧပြီလကုန်အထိ အုတ်ဖိုလုပ်သား ၂၅ ဦးခန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ပွင့်လင်းရာသီတွင် နေအိမ်ဆောက်လုပ်သူများပြားလာသည့်အပြင် တခြားဆောက်လုပ်ရေးလုပ်ငန်းများလည်း လုပ်ကိုင်သူများလာခြင်းကြောင့် အုတ်ဖိုလုပ်ငန်းမှအုတ်များကို မှာယူမှုများလာသဖြင့် ကျိုက်မရောမြို့နယ်အတွင်းသာမက မုဒုံ၊ မော်လမြိုင်နှင့်သံဖြူဇရပ်မြို့နယ်တို့အထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

ယင်းအုတ်ဖိုလုပ်ငန်းမှ အလုပ်သမားတစ်ဦးလျှင် တစ်ရက်လုပ်အားခအနေဖြင့် ငွေကျပ် ၈၀၀၀ မှ ၁၀,၀၀၀ အထိရရှိကြောင်း၊ အုတ်ဖိုလုပ်ငန်းမှ တစ်ရက်လျှင် အုတ်အလုံးရေ ၉၀၀၀ ခန့်ထွက်ရှိကာ အုတ်တစ်လုံးလျှင် ငွေကျပ် ၁၀၀ မှ ၁၁၀ အထိ ဈေးနှုန်းရရှိကြောင်းနှင့် လက်ရှိတွင် မှာယူသူများပြားလာသဖြင့် အုတ်ဖိုလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

https://www.myawady.net.mm/node/53696

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## သကြားဈေးအမြင့်ဈေးတွင်ရှိနေ




ထုတ်လုပ်မှု စရိတ်များနေခြင်းအပြင် အခြားအထွေထွေအခက်အခဲများကြောင့် သကြားဈေး အမြင့်ဈေးတွင်ရှိနေကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှ သိရသည်။

အခုက စက်တွေလည်တဲ့အချိန်ပေါ့။ သကြံန်ပြီးတဲ့အထိ လည်နေကြဦးမယ်။ သကြားဈေးကတော့ အမြင့်ဆုံးဖြစ်နေတယ်၊ ဈေးမြင့်တဲ့အကြောင်းအရင်းက ငွေဈေးအလိုက်ပေါ့။ သွင်းအားစုတွေကလဲ ဈေးမြင့်တယ် ၊ နောက်ပြီး သကြားထုတ်ဖို့ အသုံးပြုရတဲ့ တချို့ပစ္စည်းတွေ သွင်းခွင့်မပေးထားတဲ့အတွက် ဝယ်ယူရတာရှားတယ်။ သကြားစက်တွေက မဖြစ်မနေလည်မှာပဲလေ။ တချို့ဒေသတွေမှာ တိုက်ပွဲတွေကြောင့် ကြံခုတ်တဲ့နေရာတွေ ရပ်ထားရတာတွေရှိတယ်။ သကြားဈေးမြင့်တက်ရတဲ့ အကြောင်းတွေက အများကြီးပဲ”ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နှစ်စက ပြည်တွင်း၌ သကြားတစ်ပိဿာလျှင် ၃၈၀၀ ကျပ်သာရှိခဲ့ပြီး လက်ရှိ သကြားတစ်ပိဿာ ၄၂၀၀ အမြင့်ဈေးထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသကြားဈေးက ပြီးခဲ့သည့် နှစ်ကတည်းက အတက်ဈေးတွင်ရှိနေခဲ့ပြီး သကြားဈေး အမြင့်ဆုံးဈေး တစ်ပိဿာလျှင် ၃၅၀၀ မှ ၃၆၀၀ ထိ ရှိခဲ့ကြောင်းသိရသည်။ အီးယူနိုင်ငံများသို့လည်း အနည်းငယ် တင်ပို့လျက်ရှိကြောင်း သိရသည်။

“ငွေရည်ပုလဲက အနည်းအကျဉ်းပို့တယ်။ ပြီးခဲ့တဲ့နှစ်လောက် စာချုပ်မချုပ်ထားဘူးကြားတယ်။ စက်လည်တာပြီးရင်တော့ ပို့ကြလိမ့်မယ်။ ဗီယမ်နမ် အများဆုံးသွားတယ်။ ပြီးရင် export သေးသေးလေးတွေ အီးယူနိုင်ငံတွေကို ကွန်တိန်နာ တစ်လုံး၊ နှစ်လုံးလောက် ပို့တာတွေရှိမယ်။ ယခုနှစ် တင်ပို့မှုက အများကြီးလျော့မယ်မထင်ဘူး၊ ထိုက်သင့်သလောက်တော့ပို့မယ်”ဟု သကြားကုန်သည်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်များက သကြားဈေးကွက်မှာ သကြားဈေးကွက် ပြန်လည်ကောင်းမွန်ခဲ့သည့်အတွက် ကြံစိုက်ဧကများကို တိုးမြှင့်စိုက်ပျိုးခဲ့ခြင်းများလည်းရှိခဲ့ကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။

ပြည်တွင်း၌ နှစ်စဉ် သကြားတန် ၅ သိန်းဝန်းကျင်ထိ ထွက်ရှိနေလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က ပြည်ပသို့ တန်ချိန် တစ်သိန်းသုံးသောင်းခန့်အထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲရာသီသည် နှစ်စဉ်ဒီဇင်ဘာလတွင်စတင်၍ ဧပြီလဆန်းပိုင်းတွင် ကုန်ဆုံးလေ့ရှိပြီး လက်ရှိအချို့ သကြားစက်ရုံများ ကြံကြိတ်လျက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Source: (AMIA)**

https://t.me/htwettoe

## သရက်မြို့ရှိ ပဲကြီး၊ ကုလားပဲဈေးနှုန်းဈေးကွက်အခြေအနေ



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၏ ပတ်ဝန်းကျင် ကျေးရွာများဖြစ်သော စခန်းကြီး၊ တောင်ဘော၊ မြောက်ဘော၊ ကွမ်းအုံ၊ ရေဘွတ်၊ ဘော်၊ အင်းလယ်၊ မိုးနတ်ကုန်းစသည့်ကျေးရွာများမှ ထွက်ရှိ သော ပဲမျိုးစုံများအနက် ကုလားပဲသီးနှံမှာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (တတိယပတ်)တွင် စတင်ထွက်ပေါ်ကာ မတ်လ (ပထမပတ်)တွင် ဈေးနှုန်းမြင့်တက်လာကြောင်းသိရှိရပါသည်။

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (စတုတ္ထပတ်) တွင် ပဲကြီး(၃၀)ပိဿာဝင် တစ်အိတ်လျှင် ကျပ် (၁,၃၈,၀၀၀မှ ၁,၄၂,၅၀၀)ဈေးနှုန်းဖြင့် တစ်နေ့လျှင် အိတ်ရေ (၁၀ မှ ၂၀) အိတ်အတွင်း ဝင်ရောက်လျက်ရှိပြီး ယခုမတ်လ(ပထမပတ်)တွင် ကျပ်(၁,၄၂,၅၀၀မှ ၁,၅၀,၀၀၀)ဈေးနှုန်းဖြင့် ယခင်အပတ်ထက်

ကျပ်(၇၅၀၀) ဈေးအမြင့်ဖြင့် တစ်နေ့လျှင် အိတ်ရေ (၂၀မှ ၃၀)အိတ်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကုလားပဲသီးနှံများလည်းပေါ်ထွက်လျက်ရှိရာ ဖေဖော်ဝါရီလ (စတုတ္ထပတ်)တွင် ကုလားပဲ(၃၀)ပိဿာဝင်တစ်အိတ်လျှင် (၁,၂၇,၅၀၀) ဈေးနှုန်းဖြင့် တစ်နေ့လျှင် အိတ်ရေ (၇ မှ ၁၀) အိတ်အတွင်းဝင်ရောက်လျက်ရှိသည်။ ယခုမတ်လ(ပထမပတ်)တွင် (၃၀)ပိဿာဝင် တစ်အိတ်လျှင် (၁,၃၂,၀၀၀)ဈေးနှုန်းပေါက်လျက်ရှိပြီး ယခင်အပတ်ထက် ကျပ်(၄၅၀၀)ဈေးအမြင့်ဖြင့် တစ်နေ့လျှင် အိတ်ရေ (၁၀ မှ ၂၀) အိတ် ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့သို့ တင်ပို့ရောင်းချရကြောင်း ကုန်သည်ဦးစိုးတင့်ထံမှ သိရသည်။

**Source: https://www.doca.gov.mm**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် နေလှန်းဆား ပိဿာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ဒေသထွက်နေလှန်းဆား ပိဿာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက ဒေသထွက်နေလှန်းဆား ပိဿာချိန် ၆၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့ထိ နေလှန်းဆား ပိဿာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက ပိဿာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ မတ်လထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာပါတယ်" ဟု ဒေါ်အေးအေးက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၄၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထိုင်းအစိုးရက လယ်ယာမြေမီးရှို့မှုလုပ်သည့် နိုင်ငံများမှ ပြောင်းတင်သွင်းမှု ပိတ်ပင်မည်ဟုဆို

ထိုင်းကပြောင်းဝယ်ရာတွင် မြန်မာနိုင်ငံမှအများဆုံးဖြစ်၍ နယ်စပ်ဖြတ်ကျော်မီးခိုးမြူကိစ္စ မြန်မာဘက်ကသတိထားရတော့မည်ဖြစ်သည်။ လယ်ယာတွေကို မီးရှို့တာတွေလုပ်တဲ့ ဒေသတွေမှ ပြောင်းတင်သွင်းမှု တားမြစ်ချက်ကို ထိုင်းအစိုးရအဖွဲ့က အင်္ဂါနေ့မှာ အတည်ပြုလိုက်ပြီး ယခုနှစ်အတွင်းမှာ ဥပဒေအသက်ဝင်နိုင်ကြောင်း သိရပါတယ်။

နှစ်စဉ်ပေါ်ပေါက်နေတဲ့ မီးခိုးမြူဖုံးလွှမ်းမှုပြဿနာ လျှော့ချနိုင်ရေးရည်ရွယ်ကာ အခုလိုလုပ်ဆောင်တာဖြစ်ပြီး မီးခိုးဖုံးလွှမ်းရတာတွေနဲ့ပတ်သက်လို့ အစိုးရက များသောအားဖြင့် အိမ်နီးချင်းနိုင်ငံတွေကို အပြစ်ဆိုပါတယ်။

မီးခိုးမြူပြဿနာတိုက်ဖျက်ရေးအတွက် လယ်ယာတွေကို မီးရှို့တာတွေလုပ်လေ့ရှိတဲ့ ဒေသတွေမှ ပြောင်းတင်သွင်းမှု ပိတ်ပင်တဲ့ အမိန့်ထုတ်ဖို့ရာ ပြင်ဆင်ထားရေး ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို အစိုးရအဖွဲ့က ညွှန်ကြားခဲ့တယ်လို့ အစိုးရပြောရေးဆိုခွင့်ရှိသူ ချိုင်းဝါချာရွန်ကီက ပြောဆိုပါတယ်။

ယင်းဆုံးဖြတ်ချက်ဟာ အိမ်နီးချင်းနိုင်ငံတွေမှာ လယ်ယာမီးရှို့ခြင်းတွေကြောင့် ဖြစ်ပေါ်လာရတဲ့ လေထုညစ်ညမ်းမှုနဲ့ ပတ်သက်လို့ အစိုးရရဲ့စိုးရိမ်မှုကို ဖော်ပြခြင်းဖြစ်တယ်လို့ ၎င်းကဆိုပါတယ်။ ဒီဆက်စပ်မှုကို သက်သေပြဖို့အတွက် တာဝန်ရှိသူတွေဟာ ပြောင်းစိုက်ဧရိယာတွေကို ဂြိုဟ်တုဓာတ်ပုံများအရ ပေါ်ထွက်လာတဲ့ မီးလောင်ပြင်မြေပုံတွေနဲ့ နှိုင်းယှဉ်ကာ ဆုံးဖြတ်ချက်ချသွားမှာဖြစ်တယ်လို့ မစ္စတာချိုင်းက ပြောဆိုပါတယ်။

ပြောရေးဆိုခွင့်ရှိသူရဲ့အဆိုအရ ထိုင်းနိုင်ငံမှာ နှစ်စဉ် ပြောင်းဆန်စျေးကွက်လိုအပ်ချက် တန်ချိန် ၈ ဒသမ ၉ သန်းရှိပြီး ပြည်တွင်းထုတ်လုပ်မှုဟာ တစ်နှစ်ကို တန် ၄ ဒသမ ၉ သန်းရှိတယ်လို့ သိရပါတယ်။

ထိုင်းနိုင်ငံဟာ လက်ရှိမှာ ပြောင်းဆန် တန်ချိန် ၁ ဒသမ ၆ သန်းခန့်ကို အိမ်နီးချင်းနိုင်ငံတွေက တင်သွင်းနေပြီး ယင်းမှာ မြန်မာနိုင်ငံကနေ တန်ချိန် ၆ သိန်းမှ ၇ သိန်းအကြား၊ လာအိုနိုင်ငံကနေ တန်ချိန် ၃ သိန်းမှ ၄ သိန်းအကြားနဲ့ ကမ္ဘောဒီးယားနိုင်ငံကနေ တန်ချိန် ၁ သိန်းခန့် တင်သွင်းနေကြောင်း သိရပါတယ်။

နောက်ထပ် ပြောင်းတန်ချိန် ၂ သန်းကျော်ကိုတော့ အခြားနိုင်ငံတွေက ဝယ်ယူခဲ့ပြီး အများစုက ဘရာဇီးနိုင်ငံဖြစ်တယ်လို့ သိရပါတယ်။

**Ref: ဘန်ကောက်ပို့စ်**

https://www.popularmyanmar.com/?p=152597

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်စည်ကုန်သွယ်ရေးညွှန်းကိန်းက ကုန်သွယ်မှုသည် အားနည်းသော တက်ရိပ်ရှိကြောင်း ပြသ

ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်အတွင်း ကျဆင်းခဲ့သော်လည်း ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်အတွင်း သင့်တင့်သော အတက်ဘက်သို့ ပြန်လည်ညွှန်ပြနေကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကုန်စည်ကုန်သွယ်ရေးညွှန်းကိန်း (WTO Goods Trade Barometer) က ဖော်ပြခဲ့သည်။ သို့သော် ပထဝီနိုင်ငံရေးတင်းမာမှုများက အနီးစပ်ဆုံးကာလကို ခန့်မှန်းရန် ဆက်လက်ခက်ခဲလျက်ရှိသည်။

(ကုန်စည်ကုန်သွယ်ရေးညွှန်းကိန်း – Goods Trade Barometer ဆိုသည်မှာ ကမ္ဘာ့ကုန်သွယ်မှုနှင့်စပ်လျဥ်း၍ ကုန်စည်ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် တိုးတက်ဖြစ်ပေါ်မှုများကို အချိန်နှင့်တစ်ပြေးညီ ပေါင်းစုဖော်ပြထားသော ဦးဆောင်ညွှန်းကိန်းတစ်မျိုးဖြစ်ပါသည်။ ၁၀၀ အထက် ညွှန်းကိန်းတန်ဖိုးများက ကမ္ဘာ့ကုန်သွယ်မှုပမာဏသည် အတက်ဘက်သို့ ရောက်နေကြောင်းဖော်ပြပြီး ၁၀၀ အောက်ညွှန်းကိန်းတန်ဖိုးများက ကမ္ဘာ့ကုန်သွယ်မှုကျဆင်းခြင်း (သို့မဟုတ်) မကြာမီကျဆင်းမည်ဟုဖော်ပြခြင်း ဖြစ်သည်။)

လက်ရှိကုန်စည်ကုန်သွယ်မှုညွှန်းကိန်း ၁၀၀ ဒသမ ၆ သည် ပြီးခဲ့သည့် ၃ လတစ်ကြိမ် ကုန်သွယ်မှုပမာဏညွှန်းကိန်းများထက် ပိုမိုမြင့်မားသော်လည်း အခြေခံတန်ဖိုး ၁၀၀ ထက် အနည်းငယ်သာ သာလွန်ခဲ့သည်။ အဆိုပါညွှန်းကိန်းအရ ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ် အစောပိုင်းကာလများအတွင်း တဖြည်းဖြည်း ပြန်လည်တိုးတက်လာနိုင်သော်လည်း ဒေသတွင်း အငြင်းပွားမှုများနှင့် ပထဝီနိုင်ငံရေးတင်းမာမှုများက အလွယ်တကူလမ်းကြောင်း ပျောက်စေနိုင်ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်၊ တတိယသုံးလပတ်အတွင်း ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် ဒုတိယသုံးလပတ်ထက် ၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၂၂ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဥ်ပါက ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ၂၀၂၂ ခုနှစ်၊ တတိယသုံးလပတ် ကုန်သွယ်မှုသိသိသာသာ တိုးတက်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်၊ တတိယသုံးလပတ်ကုန်သွယ်မှုကျဆင်းခဲ့ခြင်းသည် ပိုမိုထင်ရှားသွားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှအောက်တိုဘာလအထိ ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုပမာဏသည် အများအားဖြင့် တည်ငြိမ်နေခဲ့ပြီး တတိယသုံးလပတ်ကုန်သွယ်မှုသည် နှစ်စမှစ၍ သိသာစွာပြောင်းလဲမှုမရှိခဲ့ဘဲ ၂ နှစ်အတွင်း ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အဆိုပါတိုးတက်မှုများသည် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် ၀ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ ခန့်မှန်းချက်ထက် လျော့နည်းခဲ့သည်။

ညွှန်းကိန်းများအနက် ပို့ကုန်အမှာစာများညွှန်းကိန်းက ၁၀၁ ဒသမ ၇၊ လေကြောင်းကုန်စည်ပို့ဆောင်မှုညွှန်းကိန်းက ၁၀၂ ဒသမ ၃ တို့ဖြင့် တိုးတက်မှုလမ်းကြောင်းအထက် အနည်းငယ်တွင်ရှိပြီး၊ ကွန်တိန်နာသင်္ဘောများဖြင့် သယ်ယူပို့ဆောင်ခြင်းညွှန်းကိန်းက ၉၈ ဒသမ ၆၊ ကုန်ကြမ်းပစ္စည်းများ ကုန်သွယ်မှုညွှန်းကိန်းက ၉၉ ဒသမ ၁ တို့ဖြင့် တိုးတက်မှုလမ်းကြောင်းအောက် အနည်းငယ်တွင် တည်ရှိပါသည်။ မော်တော်ကားထုတ်လုပ်မှုနှင့် ရောင်းချမှုညွှန်းကိန်းသည် လတ်တလော အရှိန်လျော့သွားသော်လည်း ၁၀၆ ဒသမ ၃ ဖြင့် တိုးတက်မှု လမ်းကြောင်းအထက်တွင် တည်ရှိပါသည်။ လျှပ်စစ်ပစ္စည်းများ ကုန်သွယ်မှုညွှန်းကိန်းသည် ၉၅ ဒသမ ၆ ဖြင့် ပြီးခဲ့သည့်ညွှန်းကိန်းထက် ပိုမိုတိုးတက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ကုန်စည်ကုန်သွယ်မှု

တိုးတက်မှုသည် ပျမ်းမျှအောက်ရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် ပြန်လည်တိုးတက်လာနိုင်သည်ဟု မျှော်လင့်ထားကြောင်း၊ သို့သော် အကျဘက်သို့ ဦးတည်သည့် အားနည်းချက်များကြောင့် မရေရာမသေချာမှုများမှာလည်း မြင့်မားနေဆဲဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က သုံးသပ်ထားပါသည်။

Source : [www.wto.org](http://www.wto.org)

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%80%

## STOCK EXCHANGE (20.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,429 (Shares) | 22,381,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,500 | 8,500 | 94 | 799,000 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 5,233 | 14,916,650 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,500 | 7,800 | 7,500 | 569 | 4,375,500 | 10,400,986 | 80,088 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 1,430 | 2,079,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 6 | 10,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 11 | 50,600 | 10,497,598 | 48,289 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 86 | 150,500 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 19th Mar. 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,429 (Shares) | 22,381,750 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,500 | 8,500 | 94 | 799,000 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 5,233 | 14,916,650 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,500 | 7,800 | 7,500 | 569 | 4,375,500 | 10,400,986 | 80,088 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 1,430 | 2,079,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 6 | 10,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 11 | 50,600 | 10,497,598 | 48,289 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 86 | 150,500 | 23,804,946 | 41,659 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 19th Mar. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,586 (Shares) | 16,459,300 (MMK) |

| MYANPIX | 358.54 ▼ 2.31 |
|---|---|
| Total Volume (shares) | 5,586 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,277 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR